ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန
ကျောက်တန်းမြို့နယ်

လူထုဗဟိုပြုစီမံကိန်း
National Community Driven Development Project
(NCDDP)



# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်
# Village Development Plan (VDP)
ရွာသစ်ကြီးကျေးရွာ၊ ရွာသစ်ကြီးကျေးရွာအုပ်စု

၂၀၁၈ ခုနှစ်　　　　　　　　ကျောက်တန်းမြို့

မာတိကာ

၁။ကျောက်တန်းမြို့နယ်မြေပုံ..........၂

၂။ရွာသစ်ကြီးကျေးရွာအုပ်စုမြေပုံ..........၃

၃။ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာစာရင်းနှင့်ကျေးရွာသမိုင်းကြောင်း..........၄

၄။ကျေးရွာအခြေခံအချက်အလက်များ..........၅

၅။လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်လုပ်ငန်းစဉ်(PSA/PRA)အကျဉ်းချုပ်..........၆

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောPRA tool များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ..၇

၇။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ..........၁၈

၈။ကျေးရွာကော်မတီဝင်များစာရင်း..........၁၉


၉။ပုံစံ(စ-၁)ကျေးရွာအခြေခံအချက်အလက်များ..........၂၁

၁၀။ပုံစံ(စ-၃)ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်..........၂၅


၁၁။အစည်းအဝေးမှတ်တမ်းများ..........၂၈

၁၂။ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု(Checklist For VDP)..........၃၅

## ၁။ ကျောက်တန်းမြို့နယ် မြေပုံ


ကျောက်တန်းမြို့နယ်ရှိ ကျေးရွာများ အခြေပြမြေပုံ
သန်လျင်မြို့နယ်
သုံးခွမြို့နယ်
ကျောက်တန်းမြို့
မုတ္တမပင်လယ်ကွေ့
ရည်ညွှန်းချက်
ကွန်ကရစ် (ဘီးနှစ်ဖက်) -
ကွန်ကရစ် -
ကတ္တရာ -
ကျောက် -
ဂဝံ -
မြေ -

၂။ ရွာသစ်ကြီးကျေးရွာ အုပ်စုမြေပုံ



၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

၁။ ရွာသစ်ကြီးကျေးရွာ

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

### ၁။ ကျေးရွာသမိုင်းအကျဉ်း

ရွာသစ်ကြီးကျေးရွာတည်ထောင်သောနှစ်မှာ ရှေးနှစ်ပေါင်းများစွာကတည်းကတည်ထောင်ခဲ့ခြင်းဖြစ်ပါသည်။ အများဆုံးနေထိုင်သောလူမျိုးစုများမှာ ဗမာလူမျိုးအများစုဖြစ်ပြီး ဟိန္ဒူမိသားစု(၂)စုသာ နေထိုင်လျက်ရှိပါသည်။ ကျေးရွာ၏အဓိကကျသော စီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများလုပ်ကိုင်လျက် ရှိပါသည်။ အဓိကစိုက်ပျိုးသောသီးနှံမှာ စပါး၊ ပဲ အများဆုံးစိုက်ပျိုးပြီး ရာသီပင်သီးနှံများလည်း စိုက်ပျိုးကြပါသည်။ ရေလုပ်ငန်းလည်းအနည်းငယ်လုပ်ကိုင်ကြပါသည်။ မွေးမြူရေးလုပ်ငန်းများဖြစ်သော ကြက်၊ ဘဲ ၊ နွား၊ ဝက် ၊ ဆိတ်တို့ကို မိသားစုတစ်နိုင်တစ်ပိုင် မွေးမြူကြပါသည်။ ရွာသစ်ကြီးကျေးရွာသည် ကျောက်တန်းမြို့နှင့်(၈)မိုင် ကွာဝေးပါသည်။ ရှေးနှစ်ပေါင်းများစွာက ရေလမ်းခရီးနှင့် သွားလာရပြီး ယခုနှစ်များတွင် ကား၊ ဆိုင်ကယ်များနှင့်သွားလာကြပါသည်။ လူဦးရေမှာ(၁၆၅၅)ဦးရှိပြီး အမျိုးသားဦးရေမှာ(၈၁၅)ဦးဖြစ်ပြီး အမျိုးသမီးဦးရေမှာ(၈၄၁)ဖြစ်ပါသည်။ အိမ်ထောင်စုမှာ(၄၀၂)ရှိပြီး အိမ်ခြေ(၃၆၈)အိမ် ရှိပါသည်။ အ.ထ.က(ခွဲ)အထက်တန်းကျောင်းတစ်ကျောင်း ရှိပါသည်။ ကျေးရွာဆေးပေးခန်းလည်းရှိပါသည်။ ဖိုက္ကာရက်ခွိတကုသိုလ်ဖြစ် ဆေးခန်းရှိပါသည်။ အသက်(၆၀)နှင့်အထက် အဘိုးအဘွားများကို အခမဲ့ဆေးလှူဒါန်းပါသည်။ ရွာထိပ်တွင်ရွာဦးဘုန်းကြီးကျောင်း ရှိပါသည်။ ရွာဦးစေတီလည်းရှိပါသည်။ ရွာပြင်တွင်စေတီ(၂)ဆူ ရှိပြီး မြသိန်းတန်စေတီနှင့် ဘုးဘုရားစေတီတို့ဖြစ်ပါသည်။ ကျေးရွာစာကြည့်တိုက်(၁)တိုက်လည်း ရှိပါသည်။ ကျေးရွာတွင်သောက်သုံးရေကန် (၈)ကန်ရှိပါသည်။ သောက်ရေကန်(၃)ကန်ရှိပြီး သုံးရေကန်(၅)ကန် ရှိပါသည်။ ဆိုလာမီးများ သုံးစွဲလျက်ရှိပါသည်။ ကျေးရွာရှိနေထိုင်ကြသော ရွာသူ၊ရွာသားများသည် နေထိုင်မှုအဆင့်အတန်းမြင့်မားကြောင်းတွေ့ရှိရပါသည်။

## ၂။ လူနည်းစုလူမျိုးစုအိမ်ထောင်စု

| အမျိုးအစား | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ဟိန္ဒူ | ၂ | ၆ | ၅ | ၁၁ |

## ၃။ ထိခိုက်လွယ်အုပ်စု

| ထိခိုက်လွယ်အုပ်စု | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| သက်ကြီး | ၅၀ | ၅၅ | ၄၂ | ၉၇ |
| မြေယာမဲ့ | ၀ | ၀ | ၀ | ၀ |
| မသန်စွမ်း | ၁၀ | ၅ | ၅ | ၁၀ |

## ၄။ အဓိကစီးပွားရေးလုပ်ငန်းများ

| စိုက်ပျိုးရေး | မွေးမြူရေး | အသေးစားစီးပွားရေး | အခြား |
|---|---|---|---|
| စပါး | ကြက် | - | နိုင်ငံခြားသွား |
| ပဲ | ဝက် | | |
| | ဘဲ | | |

## ၅။ ကျေးရွာအတွင်းအဓိက ပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | စိုက်ပျိုးမြေ | စားကျက်မြေ | ဥယျာဉ်မြေ | သဲ/ကျောက်ရရှိမှု | ရေတွင်း/ရေကန် | စက်ရေတွင်း |
|---|---|---|---|---|---|---|
| အရေအတွက် | ၁၉၆၇ | | - | - | ၂ | ၁ |
| ကျေးရွာပိုင်ဆိုင်မှုများ | ကား | ထော်လာဂျီ | စပါးကြိတ်စက် | ရိတ်ခြွေစက်၊ခြွေလှေ့စက် | လယ်ယာသုံးစက် | ဈေးဆိုင် |
| အရေအတွက် | ၂ | ၁၅ | - | ၃ | - | - |

## ၆။ ကျေးရွာအတွင်းအခြားပိုင်ဆိုင်မှုများ


| ကျေးရွာပိုင်ဆိုင်မှုများ | ရေတင်စက် | ထွန် | ထယ် | ကျွဲ | နွား |
|---|---|---|---|---|---|
| အရေအတွက် | ၁ | ၁၀၂ | ၁၀၂ | ၅ | ၅၃ |
| ကျေးရွာပိုင်ဆိုင်မှုများ | ဝက်၊ဆိတ် | ဆိုင်ကယ် | ကျွမ်းကျင်လုပ်သား | လုပ်သား | လယ်ထွန်စက် |
| အရေအတွက် | ၂၀ | ၁၃၀ | ၁၀ | ၁၅၀ | ၁၄ |

## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်း နှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှု ရေးနှင့် အရင်းအမြစ်ပြမြေပုံ | ၂၄-၁၁-၂၀၁၃ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၁၀ | ၈ | ၁၈ | အိမ်အမျိုးအစားများ၊ အခြေခံအဆောက်အဦးများ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေလယ်ယာမြေများ၊ မြစ်ချောင်းများ၊ ရေတွင်း ရေကန်များ၊သစ်တောများ |
| ၂ | ရာသီခွင်ပြပြက္ခဒိန် | ၂၄-၁၁-၂၀၁၃ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၃၁ | ၃၇ | ၆၈ | ရာသီဥတု၊ စိုက်ပျိုးသီးနှံများ၊ လယ်ယာလုပ်ငန်းများ၊ နေ့စားလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ ဝမ်းစာဖူလုံမှု နှင့် ပွဲတော်များ |
| ၃ | ဥစ္စာနေကြွယ်ဝမှု အဆင့် သတ်မှတ်ချက် | ၂၄-၁၁-၂၀၁၃ | ချမ်းသာ၊ အလယ်အလတ်၊နွမ်းပါး အုပ်စုများ | ၁၄ | ၁၀ | ၂၄ | ကျေးရွာလူမှုစီးပွားအုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက် အခြေခံစံနှုန်းများ သတ်မှတ်ခြင်း၊ကျေးရွာသားများ နှင့် အများသဘောတူ ခွဲခြားသတ်မှတ်ခြင်း |
| ၄ | ဗင်းပုံစံ သုံးသပ်ချက် | ၂၄-၁၁-၂၀၁၃ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ကျေးရွာလူထု | ၁၂ | ၁၀ | ၂၂ | ကျေးရွာတွင်းရှိ အဖွဲ့အစည်းများနှင့် မည်သို့သောလုပ်ငန်းများအတွက် မည်သည့်အဖွဲ့များချိတ်ဆက်လုပ်ကိုင်မှု |
| ၅ | ပင့်ကူအိမ် သုံးသပ်ချက် | ၂၄-၁၁-၂၀၁၃ | အမျိုးသားများ နှင့် အမျိုးသမီးများ | ၁၂ | ၁၁ | ၂၃ | အမျိုးသားများ နှင့် အမျိုးသမီးများ တန်းတူအခွင့်အရေး ရရှိမှု နှင့် မရရှိသည့် အကြောင်းအရင်းများ |
| ၆ | ပိုင်ဆိုင်မှု သုံးသပ်ခြင်း | ၂၄-၁၁-၂၀၁၃ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၂၄ | ၁၇ | ၄၁ | ကျေးရွာတွင်းရှိ ပိုင်ဆိုင်ထားသော အရင်းအမြစ်များအားသိရှိခြင်း |

## ၆။ ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက်သုံးသပ် ချက်များ

**၁။လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ သုံးသပ်ချက်။**





**သုံးသပ်ချက်**

ရွာသစ်ကြီးကျေးရွာသည် ကျောက်တန်းမြို့၏ အရှေ့ဘက်တွင် တည်ရှိပြီး အိမ်ထောင်စု (၄၁၂)စုဖြင့်တည်ရှိနေသောရွာတစ်ရွာဖြစ်ပါသည်စိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းများလုပ်ကိုင်ပြီးလက်လုပ်လက်စား လုပ်ကိုင်သူများလည်းရှိပါသည်။ကျေးရွာ၏ကျန်းမာရေးအခက်အခဲများတွင်ကျေးရွာကျန်းမာရေးဌာနခွဲတွင်ဆေးကု သခံယူ၍ ကုသိုလ်ဖြစ်ဆေးခန်း(၁)ခန်းရှိပါသည်။ကျေးရွာ၏ လူမှုရေးကိစ္စများတွင် စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းကူညီလုပ်ကိုင်ဆောင်ရွက်ပေးကြပါသည်။

လမ်းမကြီး(၄)လမ်းရှိပြီး ကွန်ကရစ်လမ်းများဖြစ်သည်။ လမ်းသွယ်(၁၁)လမ်းရှိပြီး မြေသားလမ်း(၄)လမ်း၊ မြေနီလမ်း(၅)လမ်းဖြစ်သည်။ ရေကန်(၈)ကန်ရှိပြီးသောက်ရေကန်(၃)ကန်၊ သုံးရေ(၅)ကန်ရှိပါသည်။ အ.ထ.က (ခွဲ)ကျောင်းရှိ၍မူကြိုကျောင်းတစ်ကျောင်းလည်းရှိပါသည်။ရွာဦးဘုန်းကြီးကျောင်း(၁)ကျောင်းရှိပြီးစေတီတစ်ဆူရှိပါ

သည်။ကျေးရွာအပြင်တွင်စေတီ(၂)ဆူရှိပါသည်။သီလရှင်ကျောင်း(၁)ကျောင်းရှိပါသည်။စာကြည့်တိုက်၊အုပ်ချုပ်ရေးမှူးရုံး၊အားကစားကွင်း၊သုသာန်ဇရပ်လည်းရှိပါသည်။လိုအပ်ချက်များမှာရွာတွင်းလမ်းပြုပြင်ရန်၊မူကြိုကျောင်းပြုပြင်ရန်၊အများသုံးအိမ်သာဆောက်လုပ်ရန်၊သောက်သုံးရေကန်အားပြုပြင်ရန်စသည်တို့သည်ကျေးရွာအတွင်းလိုအပ်သော ဖွံ့ဖြိုးရေးလုပ်ငန်းများ ဖြစ်ပါသည်။ ပထမနှစ်စက်ဝန်းတွင် ရွာတွင်းလမ်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကိုဆောင်ရွက်ခဲ့ပါသည်။ ဒုတိယနှစ်စက်ဝန်းတွင်လည်း ကျန်ရှိနေသော ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းကိုဆောင်ရွက်မည်ဖြစ်ပါသည်။

## ၂။ ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ချက်။



ရွာသစ်ကြီးကျေးရွာ
ရွာသစ်ကြီးကျေးရွာအုပ်စု
၂၄.၁၁.၂၀၁၇

ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ချက်

ပါဝင်ဆွေးနွေးသူ-ကျား(၁၄)၊မ(၁၀)ပေါင်း-၂၄ယောက်

| အမျိုးအစား | သတ်မှတ်ချက်/ညွှန်းကိန်းများ | အိမ်ထောင်စုအရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| | လယ်(၁၀)ကေအထက်၊ တိုက်အိမ်၊ ပျဉ်ထောင်အိမ်၊ ထွန်စက်၊ ဆန်စက်၊ ရိတ်စက်၊ ကား၊ ဆိုင်ကယ်၊ | ၄၀ | ၁၀% |
| ၂။ ပြေလည်သော အဆင့် | ပျဉ်ထောင်သွပ်မိုးအိမ်၊ ဆိုင်ကယ်၊ လက်တွန်းထွန်စက်၊ လယ်(၆)ကေအောက်၊ ပိုက်၊ ဈေးဆိုင် | ၁၇၃ | ၄၃% |
| သောအဆင့် | ဓနိမိုး၊ သွပ်မိုးအိမ်၊ လက်လုပ်လက်စား၊ စက်ဘီး၊ ဆိုက်ကား၊ မြေပိုင်ဆိုင်မှုမရှိ၊ ဆိုင်ကယ် | ၁၈၉ | ၄၇% |
| | စုစုပေါင်း | ၄၀၂ | ၁၀၀% |

### သုံးသပ်ချက်

ရွာသစ်ကြီးကျေးရွာတွင် ဥစ္စာဓနကြွယ်ဝမှုအဆင့်ကို အလွန်ပြေလည်သောအဆင့်၊ အသင့်အတင့်ပြေလည်သောအဆင့်၊ မပြေလည်သောအဆင့် ဟူ၍(၃) မျိုးရှိပါသည်။

အလွန်ပြေလည်သောအဆင့်တွင်- အိမ်ထောင်စု (၄၀)၊ ရာခိုင်နှုန်းအားဖြင့် ( ၁၀%) ရှိပြီး၊ ၎င်းတို့သည် လယ်ကေ (၁၀)ကေအထက်၊ တိုက်အိမ်၊ ပျဉ်ထောင်အိမ်၊ ထွန်စက်၊ ဆန်စက်၊ ရိတ်သိမ်းခြွေလှေ့စက်၊ ကား ၊ ဆိုင်ကယ် စသည်တို့ကိုပိုင်ဆိုင်ကြပါသည်။

အသင့်အတင့်ပြေလည်သောအဆင့်တွင်- အိမ်ထောင်စု( ၁၇၃ ) ၊ ရာခိုင်နှုန်းအားဖြင့် ( ၄၃%)ရှိပြီး ၊ ၎င်းတို့သည် လယ်မြေ( ၆ )ကေအောက်၊ ပျဉ်ထောင်သွပ်မိုးအိမ်၊ ဆိုင်ကယ်၊ လက်တွန်းထွန်စက်၊ ရေလုပ်ငန်းသုံးပစ္စည်းများ၊ ဈေးဆိုင် စသည်တို့ကို ပိုင်ဆိုင်ကြပါသည်။

မပြေလည်သောအဆင့်တွင်- အိမ်ထောင်စု ( ၁၈၉ ) ၊ ရာခိုင်နှုန်းအားဖြင့် ( ၄၇%) ရှိပြီး၊ ၎င်းတို့သည် ဓနိမိုးအိမ်၊ သွပ်မိုး အိမ်၊ စက်ဘီး၊ ဆိုက်ကား၊ ဆိုင်ကယ်ကယ်ရီဘီး ပိုင်ဆိုင်ကြပြီး၊ မြေပိုင်မရှိ လက်လုပ်လက်စား အိမ်ထောင်စုများဖြစ်ကြပါသည်။

## ၃။ ရာသီစွင့်ပြ ပြက္ခဒိန် နှင့် သုံးသပ်ချက်။



**သုံးသပ်ချက်**

**စိုက်ပျိုးရေး** မိုးရာသီတွင်စပါးစိုက်ပျိုးပြီးဆောင်းရာသီတွင်ပဲနှင့်အခြားသီးပင်စားပင်များစိုက်ပျိုးပါသည်။

**ကျန်းမာရေး** ဝါဆို၊ဝါခေါင်လတွင် ကျန်းမာရေးချို့တဲ့မှု အများဆုံးဖြစ်ပြီး ကျန်သောလများတွင်အ နည်းငယ်ဖျားနာမှု ရှိပါသည်။

**လမ်းပန်းဆက်သွယ်ရေး** မိုးရာသီ၌လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီးနွေရာသီတွင်သွားလာရအဆင်ပြေပါသည်။

**သောက်သုံးရေရရှိမှု** မိုးရာသီတွင် သောက်သုံးရေ လုံလောက်မှုရှိပြီး ကျန်သောရာသီတွင် ရေလုံလောက်မှု နည်းပါသည်။

**ပွဲတော်များ** တန်ခူးလတွင် သင်္ကြန်ပွဲ၊ ကဆုန်လတွင်ညောင်ရေသွန်းပွဲ၊ ဝါဆိုလတွင်သင်္ကန်းကပ်လှူပွဲ၊ သီတင်းကျွတ်လတွင် ဆီမီး(၁၀၀၀)၊ပန်း(၁၀၀၀)ကပ်လှူပွဲ၊တန်ဆောင်မုန်းလတွင် ကထိန်သင်္ကန်းကပ်လှူပွဲ ၊ တပေါင်းလတွင်ဘုရားပွဲတော်များကျင်းပကြပါသည်။

**ဝင်ငွေ** စပါးပေါ်ချိန်နှင့်ပဲပေါ်ချိန်များတွင် ဝင်ငွေပို၍ရရှိပြီး ကျန်သောရာသီတွင် အနည်းငယ်မျှ ဝင်ငွေရရှိပါသည်။


**အစာရေစာဖူလုံမှု** တန်ဆောင်မုန်း၊ နတ်တော် ၊ ပြာသိုလများတွင်အစာရေစာဖူလုံမှု ပြည့်ဝမှုရှိပြီး ကျန်လများတွင် အစာရေစာဖူလုံမှု အားနည်းပါသည်။

**အားလပ်ချိန်** တန်ခူး ၊ တော်သလင်း ၊ တပေါင်းလများတွင် အားလပ်ချိန်ဖြစ်ပြီး၊ ကျန်လများတွင် ကျေးရွာအတွင်း လုပ်ငန်းများလုပ်ကိုင်ပါသည်။

**သဘာဝဘေးအန္တရာယ်** အနည်းငယ်ဖြစ်နိုင်ခြေရှိပါသည်။

**တံငါလုပ်ငန်း** ဝါဆို၊ဝါခေါင်လတွင် ဝင်ငွေအများဆုံးဖြစ်ပါသည်။

**၄။ ဗင်းပုံစံ သုံးသပ်ချက်။**




**သုံးသပ်ချက်**

ကျေးရွာတွင်းရှိ အဖွဲ့အစည်းများချိတ်ဆက်မှုမှာ- အုပ်ချုပ်ရေးအဖွဲ့၊လူမှုရေးကူညီမှုအဖွဲ့၊ နာရေးကူညီမှုအဖွဲ့၊ အမျိုးသားအဖွဲ့၊ အမျိုးသမီးအဖွဲ့၊ ပေါင်းကူးငွေစု ငွေချေးအဖွဲ့၊ ပရဟိတအဖွဲ့၊ ကျန်းမာရေး စောင့်ရှောက်မှုအဖွဲ့၊ လူထုဗဟိုပြုစီမံကိန်းအဖွဲ့၊ ကျောင်းကော်မတီ၊ အရန်မီးသတ်၊ မိခင်နှင့်ကလေးစောင့်ရှောက် ရေးအဖွဲ့၊ စည်ပင်သာယာရေးအဖွဲ့၊ မြစိမ်းရောင်အဖွဲ့ တို့ရှိကြပါသည်။ ၎င်းအဖွဲ့များသည် ကျေးရွာ၏သာရေး နာရေး ၊ ဘာသာရေးလုပ်ငန်းများ၊ ပညာရေး ၊ ကျန်းမာရေး၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တစ်ဖွဲ့နှင့် တစ်ဖွဲ့ ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါသည်။

ကျေးရွာနှင့် ကျေးရွာပြင်ပအဖွဲ့အစည်းများနှင့်ချိတ်ဆက်ပုံမှာ- မြို့နယ်အုပ်ချုပ်ရေးအဖွဲ့နှင့် ကျေးရွာ အုပ်ချုပ်ရေး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများ ကိုချိတ် ဆက်ဆောင်ရွက်လျက်ရှိပါသည်။ ရဲစခန်း၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့၊ မြို့နယ်မီးသတ်၊ မြို့နယ်ပညာရေးမှူးရုံး၊ မြို့နယ်လူထုဗဟိုပြုစီမံကိန်းရုံးတို့သည် ကျေးရွာ၏လိုအပ်ချက်များကို ချိတ်ဆက်ဆောင် ရွက်ပေးလျက်ရှိပါသည်။

၅။ ပင့်ကူအိမ် သုံးသပ်ချက်။



**သုံးသပ်ချက်**

**ဦးဆောင်နိုင်မှု** ဦးဆောင်နိုင်မှုတွင်အမျိုးသားများသည်(၇၅%)ဦးဆောင်နိုင်ပြီးအမျိုးသမီးများသည်(၅၀%) ခန့်သာဦးဆောင်နိုင်ကြောင်းတွေ့ရှိရပါသည်။ ယခင်နှစ်များထက် အမျိုးသမီးများသည် ( ၂၀%) ပို၍ဦးဆောင်လာနိုင်ကြောင်းတွေ့ရှိရပါသည်။

**ပညာရေးလက်လှမ်းမှီမှု** ပညာရေးလက်လှမ်းမှီမှုတွင်အမျိုးသား၊အမျိုးသမီး တန်းတူညီမျှမှုရှိပါသည်။

**လုံခြုံမှု** အမျိုးသားများသည်(၁၀၀%)လုံခြုံမှုရှိပြီးအမျိုးသမီးများသည်(၅၀%)သာလုံခြုံမှုရှိပါသည်။ ဒေသအခြေအနေပေါ်မူတည်၍ အမျိုးသမီးများသည် အမျိုးသားများလောက် လုံခြုံမှုနည်းပါးကြောင်းသိရှိရပါသည်။

**အိမ်မှုကိစ္စပါဝင်မှု**အိမ်မှုကိစ္စဆောင်ရွက်ရာတွင်အမျိုးသမီးများသည် ရာနှုန်းပြည့်ဆောင်ရွက်နိုင်ပြီးအမျိုးသားများသည်အနည်းငယ်သာ ပါဝင်ဆောင်ရွက်နိုင်ပါသည်။ အစဉ်အလာအရ အမျိုးသမီးများကသာအိမ်မှုကိစ္စများကိုဆောင်ရွက်ကြရပြီး၊ အမျိုးသမီးများ ကျန်းမာရေးမကောင်းချိန်၊ ခရီးသွားချိန်များမှာသာ အမျိုးသားများကအိမ်မှုကိစ္စများကို လုပ်လေ့လုပ်ထရှိကြောင်းတွေ့ရှိရပါသည်။


**အဖွဲ့အစည်းများတွင်ပါဝင်ခြင်း**အဖွဲ့အစည်းများတွင်ပါဝင်ခွင့်တွင်အမျိုးသားများသည်(၇၅%)၊အမျိုးသမီးများသည်(၇၀%)ရှိပါသည်။ အမျိုးသမီးများသည် အရင်ထက် အဖွဲ့အစည်းများတွင် (၂၀%) ပိုမိုပါဝင်လာကြသည်ကိုတွေ့ရှိရပါသည်။


**သာရေးနာရေးလုပ်ငန်းများတွင်ပါဝင်မှု** အမျိုးသားများသည်ရာနှုန်းပြည့်ပါဝင်နိုင်ပြီးအမျိုးသမီးများသည်ရာနှုန်း ပြည့်ပါဝင်ဆောင်ရွက်နိုင်ပါသည်။

**ကျန်းမာရေးဗဟုသုတ** ကျန်းမာရေးဗဟုသုတတွင် အမျိုးသားများသည်(၁၀၀%) အမျိုးသမီးများသည်(၅၀%)ရှိပါသည်။

**ဝင်ငွေရရှိမှု** ဝင်ငွေရရှိမှုတွင် အမျိုးသမီးများထက် အမျိုးသားများကအားသာပါသည်။ အမျိုးသားများသည်(၇၅%) ၊ အမျိုးသမီးများသည် ( ၅၀%) ၊သာရှိကြောင်းတွေ့ရှိရပါသည်။ အမျိုးသမီးများက အိမ်မှုကိစ္စများတွင်အချိန်ကုန်ဆောင်ရွက်နေရပြီး၊ အမျိုးသားများက ပြင်ပဝင်ငွေရရှိသောလုပ်ငန်း များကိုဆောင်ရွက်လုပ်ကိုင်ကြကြောင်းတွေ့ရပါသည်

၆။ ပိုင်ဆိုင်မှု သုံးသပ်ချက်။




၂၄.၁၁.၁၇
ဈေးဆိုင်
အပ်ချုပ်ဆိုင်
သစ်တော
ဘုန်းကြီးကျောင်း
ဆိုင်ကယ်
ဘောလုံးကွင်း
ရွာသစ်ကြီးကျေးရွာ
ရွာသစ်ကြီး ကျေးရွာအုပ်စု
ကျောက်တန်းမြို့
ပါဝင်ဆွေးနွေးသူ ကျား-၂၄ ဦး
မ-၁၇ ဦး
စုစုပေါင်း ၄၁ ဦး

**သုံးသပ်ချက်**

**ထိန်းချုပ်မှု** အမျိုးသားများသည် ကျေးရွာ၏ အရင်းအမြစ်များဖြစ်သော မြစ်၊ ချောင်း၊ ဘောလုံးကွင်း၊ထွန်စက်၊ ဆိုင်ကယ်စသည်တို့ကို ထိန်းချုပ်ပါသည်။ အမျိုးသမီးများသည် ဈေးဆိုင်ကိုထိန်းချုပ်ပါသည်။ အမျိုးသား၊အမျိုးသမီး နှစ်ဦးလုံးသည်အပ်ချုပ်စက်၊သစ်တော၊ ဘုန်းကြီးကျောင်း၊ အိမ်၊ကျွဲ၊နွား၊ရေကန်၊ လယ်ယာမြေစသည်တို့ ကို ထိန်းချုပ်ထားပါသည်။

**သုံးစွဲမှု** အမျိုးသားများသည်လယ်ထွန်စက်၊ ဆိုင်ကယ်၊ဘောလုံးကွင်း၊ ကျွဲ၊နွား စသည်တို့ ကို သုံးစွဲပြီးအမျိုးသမီးများသည် ဈေးဆိုင်၊အပ်ချုပ်စက်တို့အားသုံးစွဲပါသည်။ အမျိုးသား၊အမျိုးသမီး နှစ်ဦးလုံးသည် မြစ် ၊ ချောင်း ၊ သစ်တော ၊ ဘုန်းတော်ကြီးကျောင်း ၊ လမ်း၊ရေကန် တို့ကို သုံးစွဲကြပါသည်။

**အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း နှင့် စစ်ဆေးရမည့်အချက်များ**

**၁။ အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း**

စီမံကိန်းတွင် အမျိုးသမီးများ တက်ကြွစွာ ပူးပေါင်းပါဝင်နိုင်ရန် အတွက် ကျေးရွာမိတ်ဆက်အစည်းအဝေးပြုလုပ်ရန် ဖိတ်ကြားရာတွင် အစည်းအဝေးတွင် အမျိုးသား၊ အမျိုးသမီး အချိုးညီစွာ တက်ရောက်ရန် သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးပိုင်းနှင့် ရပ်မိရပ်ဖများအား ပြောကြားခဲ့ပါသည်။ ပထမအကြိမ် ကျေးရွာမိတ်ဆက်အစည်းအဝေးကျင်းပသည့်အချိန်တွင် အစည်းအဝေးတိုင်းတွင် အမျိုးသမီးများ အချိုးညီစွာ တက်ရောက်ရန် ပြောကြားခဲ့ပါသည်။ အစည်းအဝေးတိုင်းတွင်လည်း အမျိုးသမီးများမှ ပြောကြားလိုသော အချက်များကို လွတ်လပ် ပွင့်လင်းစွာ ပြောဆိုခွင့်ရှိကြောင်းကိုလည်း ပြောကြားထားပါသည်။ ကျေးရွာအုပ်စုအဆင့်တွင် နှစ်စဉ်ပြုလုပ်သော လုပ်ငန်းများတွင် အမျိုးသမီးများမှ တင်ပြတောင်းဆိုထားသော လုပ်ငန်းတစ်ခုပါဝင်ရမည် ဖြစ်ကြောင်းကိုလည်း ပြောကြားခဲ့ပါသည်။ လုပ်ငန်းခွဲများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း လူထုလုပ်အားဖြင့် ဆောင်ရွက်သော လုပ်ငန်းများ ဖြစ်ပါကအမျိုးသမီးများကိုလည်း တူညီသော လုပ်ငန်းအတွက် တူညီသော လုပ်အားခများ ပေးချေရမည်ကိုလည်း ပြောကြားခဲ့ပါသည်။ စီမံကိန်း၏ ကဏ္ဍတိုင်းတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍကို ထည့်သွင်းထားပြီး အမျိုးသား၊အမျိုးသမီး ခွဲခြားမှုများ မရှိစေရန် ရည်ရွယ်ထားသည်ကို ရှင်းလင်းပြောကြားမှုများ ပြုလုပ်ခဲ့ပါသည်။

ဒုတိယအကြိမ်အစည်းအဝေးတွင် အမျိုးသမီးများသည် မိမိတို့၏ လိုအပ်ချက် အခက်အခဲများကို လွတ်လပ်စွာဆွေးနွေးနိုင်ရန်အတွက် အမျိုးသမီးသီးသန့် အုပ်စုများဖွဲ့၍ အခက်အခဲများ ဖော်ထုတ်ခြင်းလုပ်ငန်းကိုလည်း လုပ်ကိုင်ခဲ့ပါသည်။

အမျိုးသမီးများ၏ ဦးဆောင်နိုင်မှု နှင့် စီမံခန့်ခွဲမှု စွမ်းရည်များ တိုးတက်လာစေရန် အတွက် ကော်မတီများထဲတွင် အမျိုးသမီးများ (၅၀%) ပါဝင်ရမည်ဖြစ်ပါသည်။ ဆပ်ကော်မတီ တစ်ခုတိုင်းတွင်လည်း အနည်းဆုံး အမျိုးသမီး တစ်ဦးပါဝင်ရမည်ဖြစ်ပါသည်။ ကော်မတီထဲတွင် ပါဝင်သော အမျိုးသမီးများသည် တင်ပြဆွေးနွေးမှုများ ပြုလုပ်ခြင်း၊ဦးဆောင်ဆောင်ရွက်ခြင်း၊ ဆုံးဖြတ်ချက်များချခြင်း စသည်တို့ကို ပြုလုပ်ရမည်ဖြစ်ကြောင်းကိုသေချာစွာ ပြောကြားခဲ့ပါသည်။

**၂။ ကျေးရွာမိတ်ဆက် အစည်းအဝေးတွင်အမျိုးသမီး ကဏ္ဍအတွက် စောင့်ကြည့်စစ်ဆေးရမည့်အချက်များ**

**မေးမြန်းသည့်ရက်။** **ရက်စွဲ - ၂၄.၁၁.၂၀၁၇**

| စဉ် | အကြောင်းအရာ | တွေ့ရှိချက် √ | တွေ့ရှိချက် X | မှတ်ချက် |
|---|---|---|---|---|
| ၁ | အစည်းအဝေးတက်ရောက်လာသူများအား ကျား၊မ ရေးရာ အခြေခံသဘောတရား များကို ရှင်းလင်းဆွေးနွေးခဲ့ပါသလား။ | √ | | |
| ၂ | စီမံကိန်းတွင် ပါဝင်သော ကျား၊မရေးရာ အကောင်အထည်ဖော်ရေး လိုအပ်ချက် (၅)ချက်ကို ရှင်းလင်းပြခဲ့ပါသလား။ | √ | | |
| ၃ | အစည်းအဝေးများခေါ်ယူရာတွင်အမျိုးသား/သမီးများအချိုးညီစွာတက်ရောက်နိုင်ရေး | √ | | |

| | | | | |
|---|---|---|---|---|
| | အတွက် အသိပေးတိုက်တွန်း စည်းရုံးခဲ့တာမျိုး ရှိပါသလား။ | | | |
| ၄ | အမျိုးသမီးများ၏ စကားသံများ၊ ပြောဆိုနိုင်ခွင့်များ ပိုမိုထွက်ပေါ်လာအောင် ဖန်တီးပေးခဲ့ပါသလား။ | √ | | |
| ၅ | ဆပ်ကော်မတီဖွဲ့များဖွဲ့စည်းရာတွင်အမျိုးသမီးများနှင့်ပါဝင်ဖွဲ့စည်းရေးပူးပေါင်းပါဝင်ရေးညှိ းဆောင်နိုင်ရေးအတွက်တွန်းအားပေးကူညီဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၆ | အစည်းအဝေးကို အမျိုးသား/သမီးများ အလွယ်တကူပါဝင်တက်ရောက်နိုင်သော အချိန်နှင့်နေရာများကိုရွေးချယ်ခြင်း၊ထည့်သွင်းစဉ်းစားဆောင်ရွက်ခြင်းများတို့ကိုလုပ်ဆေ ာင်ခဲ့ပါသလား။ | √ | | |
| ၇ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအုပ်စုများကို အစည်းအဝေးမစတင်မီ အချိန်များက ရှာဖွေဖော်ထုတ်ခဲ့တာမျိုးများ ရှိပါသလား။ | √ | | |
| ၈ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သော အမျိုးသား/သမီးများထဲမှ အချို့ကို အစည်းအဝေးတက်ရောက်နိုင်အောင် ဖိတ်ကြားဆောင်ရွက်မှုမျိုး ရှိခဲ့ပါသလား။ | √ | | |
| ၉ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအမျိုးသား/သမီးများနှင့် ကြုံတွေ့နေရသောအခက် အခဲများကို သင်ဆွေးနွေး မေးမြန်းခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၀ | အမျိုးသမီးများ ပြောဆိုတင်ပြနိုင်အောင် အချိန်ပေးရန်၊ ကြိုတင်စီစဉ်ဆောင် ရွက်မှုမျိုးများ ဆောင်ရွက်ခဲ့တာများ ရှိပါသလား။ | √ | | |
| ၁၁ | စီမံကိန်းလုပ်ငန်းခွဲများရှာဖွေဖော်ထုတ်ရာတွင်အမျိုးသား/သမီးများသီးခြားဆွေးနွေးဖော် ထုတ် ဆောင်ရွက်ခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၂ | ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီများဖွဲ့စည်းရာတွင် အမျိုးသမီး၊ အမျိုးသား အချိုးညီမျှစွာ (၅၀ း ၅၀) ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |
| ၁၃ | ဆပ်ကော်မတီများတွင် အနည်းဆုံး အမျိုးသမီးအဖွဲ့ဝင် တစ်ဦးနှုန်းဖြင့် ပါဝင်ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |
| ၁၄ | ကျေးရွာ/ကျေးရွာအုပ်စု ဖွံ့ဖြိုးရေးစီမံချက် များတွင် အမျိုးသမီးများ ရွေးချယ်ဆုံးဖြတ်သည့်လုပ်ငန်းစီမံချက် အနည်းဆုံးတစ်ခုပါဝင်နိုင်ရေးအတွက် စည်းရုံး ဆွေးနွေးမှုများ ပြုလုပ်ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၅ | တက်ရောက်လာသူများအား အမျိုးသမီးများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် အမျိုးသမီးများရွေးချယ်လိုက်သောဦးစားပေးရွေးချယ်မှုများကိုထောက်ပံ့ပေးသွားမည်ဖြစ် ကြောင်း အသိပေးပြောကြားခဲ့ပါသလား။ | √ | | |
| ၁၆ | ရွေးချယ်လိုက်သော စီမံကိန်းလုပ်ငန်းခွဲများသည် ဒေသတွင်းမှာရှိသော လူနည်းစု၊ဆင်းရဲ/နွမ်းပါး၊ထိခိုက်လွယ် အုပ်စုများအပေါ် မည်သို့အကျိုးပြုနိုင် မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခြင်း၊ မှတ်တမ်းတင်ခြင်းများတို့ကို ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၇ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စုစီ/ထောက် ကော်မတီဝင်များကို ကျား၊မ ရေးရာလိုအပ်ချက်များ အကြောင်းကိုရှင်းလင်းပြော ကြားခဲ့ပါသလား။ | √ | | |
| ၁၈ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စုစီ/ထောက် | √ | | |

| | | | | |
|---|---|---|---|---|
| | ကော်မတီဝင်များအားလုံး တက်ရောက်နိုင်မှု ရှိ/မရှိ စစ်ဆေးခဲ့ပါသလား။<br>**မတက်ရောက်နိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | | | |

## ၇။ ကော်မတီဂင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ



လူမှုဆန်းစစ်ခြင်းပြုလုပ်နေခြင်းမှတ်တမ်းဓာတ်ပုံ



အစည်းအဝေး မှတ်တမ်းဓာတ်ပုံ



လုပ်ငန်းခွဲပြီးစီးမှု မှတ်တမ်းဓာတ်ပုံ



ဒုတိယအကြိမ်ကျေးရွာအစည်းအဝေးပြုလုပ်နေခြင်းမှတ်တမ်းဓာတ်ပုံ



လုပ်ငန်းခွဲ၏မပြုလုပ်မီမှတ်တမ်းဓာတ်ပုံ



လုပ်ငန်းခွဲ၏မပြုလုပ်မီမှတ်တမ်းဓာတ်ပုံ

## ၈။ ကော်မတီဝင်များစာရင်း

| စဉ် | အမည် | လိင် | ရာထူး |
|---|---|---|---|
| ၁ | ဦးစိုးလှိုင် | ကျား | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၂ | ဒေါ်ခင်လေးနွယ် | မ | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၃ | ဦးမြင့်စိုး | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၄ | ဒေါ်အိအိမွေး | မ | ဝယ်ယူရေးဆပ်ကော်မတီ၊ မှတ်တမ်းထိမ်း |
| ၅ | ဦးကျော်ခင် | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၆ | ဒေါ်ငွေဌေး | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၇ | ဦးစိုးတင့် | ကျား | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၈ | ဒေါ်ရွှေစင် | မ | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆကော်မတီ၊ အဖွဲ့ဝပ်င် |
| ၉ | ဦးခင်ထွန်း | ကျား | ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၀ | ဒေါ်အေးခိုင် | မ | ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၁ | ဦးကြည်သန်း | ကျား | စေတနာ့ဝန်ထမ်း |
| ၁၂ | ဦးကျော်စိုးလွင် | ကျား | စေတနာ့ဝန်ထမ်း |
| ၁၃ | ဒေါ်ကြည်ညွန့် | မ | စေတနာ့ဝန်ထမ်း |
| ၁၄ | ဒေါ်နွယ်နွယ်လွင် | မ | စေတနာ့ဝန်ထမ်း |
| ၁၅ | ဦးအောင်ကိုမင်း | ကျား | ကျေးရွာငွေစာရင်းကိုင် |

စုစုပေါင်း။ (၁၅) ယောက် ကျား-၈ ယောက် +မ- ၇ ယောက်

**ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ**

၁။ဦးစိုးလှိုင် ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဥက္ကဌ
၂။ဒေါ်ဇင်မာအေးသော် ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဥက္ကဌ
၃။ဒေါ်ခင်လေးနွယ် ကျေးရွာအုပ်စုဘဏ္ဍာရေးဆပ်ကော်မတီ၊ ဥက္ကဌ
၄။ဦးအေးဂင်း ဘဏ္ဍာရေးစာရင်ကိုင်
၅။ဒေါ်သန္တာဂင်း ဘဏ္ဍာရေးဆပ်ကော်မတီအဖွဲ့ဂင်
၆။ဦးမြစိုး အုပ်စုအဖွဲ့ဂင်
၇။ဦးဟန်ထွန်း အုပ်စုအဖွဲ့ဂင်
၈။ဒေါ်ညိုညိုစန်း အုပ်စုအဖွဲ့ဂင်

**မှတ်တမ်းတင်သူ**

အမည်။ ဒေါ်မျိုးသန္တာထွန်း

ရာထူး။ လူထုစည်းရုံးရေးမှူး

ရက်စွဲ။ ၁၉.၁၁.၂၀၁၇

## ၄။ ပုံစံ စ-၁။ ကျေးရွာအချက်အလက်

### ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| | | | | | |
|---|---|---|---|---|---|
| *လမ်းညွှန်ချက်။* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။ | | | | | |
| ကျေးရွာခေါင်းဆောင် အမည် ဦးထိန်လင် | | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် 09 5415731 | | လူထုစည်းရုံးရေးမှူး၏ အမည် ဒေါ်မျိုးသန္တာထွန်း | |
| ပြည်နယ်၊တိုင်းဒေသကြီး | မြို့နယ် | | ကျေးရွာအုပ်စု | ကျေးရွာ | |

### က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ---ဗမာ--- | ၁၆၄၄ | ဘာသာ (၁) ------------ | ၄၀၀ |
| လူမျိုးစု (၂) ---ဟိန္ဒူ--- | ၁၁ | ဘာသာ (၂) ------------ | ၂ |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------ | | ဘာသာရော ------------ | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၆ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၁၀၂ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၈၁၅ | ၈၄၀ |
| လူမျိုးစု (၁)---ဗမာ--- | ၈၀၈ | ၈၃၈ |
| လူမျိုးစု (၂)---ဟိန္ဒူ | ၇ | ၂ |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၁၆၁၀ | ၄၅ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | | အမှတ်ခြစ်ပါ | ကျန်းမာရေး | | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|---|---|---|
| | အထက်တန်းကျောင်း | ☑ | | ဆေးရုံ | ☐ | | စေတီ | ☑ |
| | အလယ်တန်းကျောင်း | ☐ | | ကျန်းမာရေးဌာန | ☐ | | ဘုန်းကြီးကျောင်း | ☑ |
| | မူလတန်းကျောင်း | ☐ | | ကျန်းမာရေးဌာနခွဲ | ☐ | | ဟိန္ဒူဘုရားကျောင်း | ☐ |
| | မူကြိုကျောင်း | ☐ | | ဆေးပေးခန်း | ☑ | | ခရစ်ယာန်ကျောင်း | ☐ |
| | အခြား | ☐ | | အခြား | ☐ | | ဗလီ | ☐ |
| | | | | | | | အခြား | ☐ |
| မှတ်ချက်<br>အ.ထ.က (ခွဲ) | | | | မှတ်ချက် | | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမားရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☑ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☑ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☑ | ☐ | သားဖွားဆရာမ | ☑ | ☐ | ရေပိုက်သွယ်သူ | ☑ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း ကတ္တရာလမ်း ကွန်ကရစ်လမ်း မော်တော်ဆိုင်ကယ်လမ်း
ကျောက်ခင်းလမ်း မြေသားလမ်း လူသွားလမ်း အခြား ______________

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် — ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? — ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? — မိုင်--------/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာ တွင်ကြာမြင့်သည့်အချိန်။

ချောက်သွေ့ရာသီတွင်ကြာချိန်----------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/
အခြား -------------------

မိုးရာသီတွင်ကြာချိန်---------------------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/
အခြား -------------------

**(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်**

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

□ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ ---မိုးလေ---------------------------

**(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ---မြစိမ်းရောင်--- (၃) ပက်မြန်မာ (၅) အုပ်ချုပ်ရေးအဖွဲ့

(၂) ---ဘီဂျီ--- (၄) လူထုဗဟိုပြုစီမံကိန်း (၆) ပေါင်းကူးငွေစုငွေချေးအဖွဲ့

**(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း**

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

□ မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် ဦးထိန်လင်း

လက်မှတ် [signature] နေ့စွဲ ၁၉.၁၁.၁၇

လူထုစည်းရုံးရေးမှူး အမည် ဒေါ်မျိုးသန္တာထွန်း

လက်မှတ် [signature] နေ့စွဲ ၁၉.၁၁.၁၇

## ၁၀။ ပုံစံ စ-၃။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ်

ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

**လမ်းညွှန်ချက်။** အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။

လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်မျိုးသန္တာထွန်း

နေ့စွဲ ၁၉.၁၁.၂၀၁၇

စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) ☑ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄)

ပြည်နယ်/တိုင်း ရန်ကုန် | မြို့နယ် ကျောက်တန်း | ကျေးရွာအုပ်စု ရွာသစ်ကြီး | ကျေးရွာ ရွာသစ်ကြီး

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| **အမျိုးသား** အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | **အမျိုးသမီး** အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | စိုက်ပျိုးရေး ဗဟုသုတ မရှိခြင်း | ၁ | အလုပ်အကိုင် အခွင့်အလမ်း နည်းခြင်း |
| ၂ | ကလေး အားကစားကွင်း မရှိခြင်း | ၂ | ငွေရှာရမှု နည်းခြင်း |
| ၃ | သွားရေးလာရေး အခက်အခဲ | ၃ | သွားရေးလာရေး မကောင်းခြင်း |
| ၄ | အလုပ်အကိုင် နည်းပါးခြင်း | ၄ | မူကြိုကျောင်း မကောင်းခြင်း |
| ၅ | | ၅ | ကလေးအားကစားကွင်း မရှိခြင်း |

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| **အမျိုးသား**အဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | **အမျိုးသမီး**အဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | စိုက်ပျိုးရေးနည်းပညာများ သိလာရမည် | ၁ | အလုပ်အကိုင်များ ပေါများလာရမည် |
| ၂ | လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာရမည် | ၂ | လျှပ်စစ်မီးများ ရရှိလာရမည် |
| ၃ | သောက်သုံးရေ သန့်ရှင်းစွာရမည် | ၃ | အထက်တန်းကျောင်းများ ရှိလာရမည် |
| ၄ | လျှပ်စစ်မီး ရရှိလာရမည် | ၄ | ကျေးရွာစာကြည့်တိုက် ကောင်းမွန်ရမည် |
| ၅ | ပညာရေးများ တိုးတက်လာရမည် | ၅ | ကျန်းမာရေး ဗဟုသုတများ ရရှိလာရမည် |

**ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။**

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ရွာတွင်းလမ်း ပြုပြင်ခြင်း | ကျ+မ. | ၂၃၂၁၄၀၀၀ | |
| ၂ | ရေကန် ခြံစည်းရိုး ခတ်ရန် | ကျ+မ. | ၆၀၀၀,၀၀၀ | |
| ၃ | မူကြိုကျောင်း ပြုပြင်ရန် | ကျ+မ | ၁၀,၀၀၀,၀၀၀ | |
| ၄ | အများသုံးအိမ်သာ ဆောက်လုပ်ခြင်း | မ | ၅,၀၀၀,၀၀၀ | |
| ၅ | ကလေးအားကစားကွင်း ပြုလုပ်ခြင်း | ကျ+မ | ၅,၀၀၀,၀၀၀ | |
| ၆ | စာသင်ကျောင်း ရေချိုး တည်ဆောက်ခြင်း | ကျ+မ | ၁,၀၀၀,၀၀၀ | |
| ၇ | အထက်တန်းကျောင်း ပြုပြင်ခြင်း | ကျ+မ | ၂,၀၀၀,၀၀၀ | |
| ၈ | ကျေးရွာစာကြည့်တိုက် ပြုပြင်ရန် | မ | ၁၀,၀၀၀,၀၀၀ | |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၄ ) နှစ်အတွက် အကျိုးမပင်သော ဦးစားပေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်း အစီစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေးဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ ( အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား + အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | လျှပ်စစ်မီး ရရှိရန် | က+မ | |
| ၂ | အုပ်ချုပ်ရေး ကျွမ်းမြင့်ရန် | က+မ | |
| ၃ | စာကြည့်တိုက်အတွက်စာရေးကိရိယာများ | မ | |
| ၄ | ကျန်းမာရေးဆေးဝါးများ ရရှိရန် | မ | |
| ၅ | အလုပ်အကိုင်များ ရရှိရန် | မ | |
| ၆ | ပညာရေးသင်ထောက်ကူပစ္စည်းများ ရရှိရန် | မ | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီမှ အတည်ပြုသည်။

အမည်-ဦးစိုးလှိုင်--------- လက်မှတ်-------------------------- နေ့စွဲ-----၁၉.၁၁.၂၀၁၇

| | | |
|---|---|---|
| ဃ။ (၇) စက်ချုပ်သင်တန်းများပေးရန် | မ | |
| (၈) စိုက်ပျိုးရေးမတတ်သူများ/ သင်တန်းများ (နည်းပညာများ) ပေးရန် | က | |
| (၉) မွေးမြူရေး နည်းပညာများ ရရှိရန် | က+မ | |
| (၁၀) ငွေကြေးအရင်းအနှီးများ ချပေးရန် | မ | |

နောက်ဆက်တွဲ(၄) ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ရွာသစ်ကြီး

အနှစ်ချုပ်

မူရင်းသည်အား VPSC တွင်ထားရှိရပါမည်။အခြားဌာနများနှင့် ညှိနှိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။MIS data အနေဖြင့် သွင်းရန် မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | ကျေးရွာမှတာဝန်ခံသူ (သို့) အုပ်စု | ပြင်ပမှမည်သူ ထောက်ပံ့ မလဲ |
|---|---|---|---|---|---|
| အခြေခံအဆောက်အဦ | ၁ | အုပ်ချုပ်ရေးရုံး ပြုပြင်ရန် | ☑ မ ☐ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| အသက်မွေးဝမ်းကျောင်း/ စီးပွားရေး | ၁ | စက်ချုပ်သင်တန်း များပေးရန် | ☑ မ ☐ ကျား | | |
| | ၂ | စိုက်ပျိုးရေးမဟုတ် သောသင်တန်းများ ပေးရန် | ☐ မ ☑ ကျား | | |
| | ၃ | မွေးမြူရေးနည်း ပညာများရရှိရန် | ☑ မ ☑ ကျား | | |
| | ၄ | ငွေကြေးအရင်း အနှီးများချေးရန် | ☑ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| သဘာဝပတ်ဝန်းကျင် | ၁ | ကျန်းမာရေးဆေး ဝါးများရရှိရန် | ☑ မ ☐ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| လူမှုရေး | ၁။ | စာကြည့်တိုက် အတွက်စာအုပ် | ☑ မ ☐ ကျား | | |
| | ၂ | ကိရိယာများ ရရှိရန် | ☐ မ ☐ ကျား | | |
| | ၂။ | ပညာရေးသင် ထောက်ကူပစ္စည်း များ | ☑ မ ☐ ကျား | | |

| | | | | | |
|---|---|---|---|---|---|
| | ၄ | | ☐ မ<br>☐ ကျား | | |
| | ၅ | | ☐ မ<br>☐ ကျား | | |
| အခြား | ၁ | လျှပ်စစ်မီးရရှိရန် | ☑ မ<br>☑ ကျား | | |
| | ၂ | | ☐ မ<br>☐ ကျား | | |
| | ၃ | | ☐ မ<br>☐ ကျား | | |
| | ၄ | | ☐ မ<br>☐ ကျား | | |
| | ၅ | | ☐ မ<br>☐ ကျား | | |

## ၁၁။ အစည်းဝေးမှတ်တမ်းများ

လူထုဗဟိုပြုစီမံကိန်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်

<u>ကျေးရွာအစည်းအဝေးမှတ်တမ်း</u>

| | |
|---|---|
| ၄င်းကျေးရွာ | ရွာသစ်ကြီး |
| ကျေးရွာအုပ်စု | ရွာသစ်ကြီး |
| အစည်းအဝေးပြုလုပ်သည့်နေရာ | ရွာသစ်ကြီး ဘုန်းကြီးကျောင်း |
| အစည်းအဝေးပြုလုပ်သည့်နေ့ရက် | ၁၆.၁၁.၁၇ (နံနက် ၉:၀၀ မှ ၁၂:၃၀) |
| အစည်းအဝေးပြုလုပ်သည့်အကြောင်းအရာ | ပထမအကြိမ် အစည်းအဝေး (ဒုတိယနှစ်စက်ဝန်း) |

အစည်းအဝေး တက်ရောက်သူဦးရေ ။ ကျား ( ၉၃ ) ဦး + မ ( ၁၂၆ ) ဦး = ( ၂၁၉ ) ဦး

ရည်ညွှန်းချက်။ ဆွေးနွေးချက်၊ ဆုံးဖြတ်ချက်၊ သဘောတူညီချက်၊ မှတ်တမ်းတင်သူ ပါဝင်ရမည်။

ဆွေးနွေးချက် (၁)။ " လူထုစည်းရုံးရေးမှူး ဒေါ်ချိုသန္တာထွန်း သည် ကျေးရွာသူ/သားများအား စီမံကိန်း၏ ရည်ရွယ်ချက်၊ မိတ်ဆက် (၁၅) ချက်အား ရှင်းလင်းပြောကြားခဲ့ပါသည်။ ထို့နောက် စီမံကိန်း စက်ဝန်း အပိုင်း (၆) ပိုင်း၊ အဆင့် (၁၄) ဆင့်အား အသေးစိတ် ရှင်းလင်းပြောကြားခဲ့ပါသည်။ စီမံကိန်းတွင် အဓိက တာဝန်ရှိသူများနှင့် ၎င်းတို့၏ တာဝန်ဝတ္တရားများကို အစည်းအဝေး တက်ရောက်သူ ကျေးရွာလူထုအား ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ ကျေးရွာစေတနာ့ဝန်ထမ်း ပထမနှစ်တွင် ရွေးချယ်တင်မြှောက်ခဲ့သူများ ဖြစ်ကြသော ဦးကျော်စိုးလွင်၊ ဒေါ်နွယ်နွယ်လွင်၊ ဦးကြည်သန်း နှင့် ဒေါ်ကြည်ညွန့် တို့အား ဒုတိယနှစ်စက်ဝန်းအတွက် ပြန်လည်တာဝန်ထမ်းဆောင်ရန် သဘောတူညီကြပြီး ကာယကံရှင်များမှလည်း ဆက်လက်လုပ်ကိုင်မည်ဟု သဘောတူကြသဖြင့် ပြန်လည်ရွေးချယ်ခြင်းမရှိဘဲ ပထမနှစ်စက်ဝန်းအတိုင်း အတည်ပြုခဲ့ပါသည်။

ဆွေးနွေးချက်(၂)။ ။ ကျေးရွာမှ အစည်းအဝေးတက်ရောက်သူ များအား အဖွဲ့များခွဲ၍ လူမှုဆန်းစစ်မှု (၆) ခုအား ပြုလုပ်ခဲ့ကြသည်။

ဆုံးဖြတ်ချက် ။ ကျေးရွာစေတနာ့ဝန်ထမ်းအား ပထမနှစ်စက်ဝန်း တွင် ရွေးချယ်တင်မြှောက်ခဲ့သူ (၄) ဦးအား ပြန်လည် တာဝန်ပေးရန် သဘောတူ ဆုံးဖြတ်ခဲ့ပါသည်။

အစည်းအဝေးကို နေ့လည် (၁၂း ၃၀) တွင် ရုပ်သိမ်း ခဲ့ပါသည်။

ဒုယ်
မှတ်တမ်းတင်သူ
ဒေါ်နွယ်နွယ်လွင်
စေတနာ့ဝန်ထမ်း

လူထုဗဟိုပြုစီမံကိန်း
ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်
<u>ကျေးရွာအစည်းအဝေးမှတ်တမ်း</u>

| | |
|---|---|
| ဇုကျေးရွာ | ရွာသစ်ကြီး |
| ကျေးရွာအုပ်စု | ရွာသစ်ကြီး |
| အစည်းအဝေးပြုလုပ်သည့်နေရာ | ရွာသစ်ကြီး ဘုန်းကြီးကျောင်း |
| အစည်းအဝေးပြုလုပ်သည့်နေ့ရက် | ၁၉.၁၁.၁၇ (နေ့လည် ၂း၀၀ မှ ၄း၃၀ အထိ |
| အစည်းအဝေးပြုလုပ်သည့်အကြောင်းအရာ | ကျေးရွာ ဒုတိယအကြိမ် အစည်းအဝေး (ဒုတိယနှစ်ဆက်ဝန်း ၁) |
| အစည်းအဝေး တက်ရောက်သူဦးရေ ။ | ကျား ( ၈၃ ) ဦး + မ ( ၁၂၆ ) ဦး = ( ၂၀၉ ) ဦး |

ရည်ညွှန်းချက်။ ဆွေးနွေးချက်၊ ဆုံးဖြတ်ချက်၊ သဘောတူညီချက်၊ မှတ်တမ်းတင်သူ ပါဝင်ရမည်။

ဆွေးနွေးချက် (၁)။ ။ ကျေးရွာ၏ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များ ရွေးချယ် ဖော်ထုတ်နိုင်ရန် အစည်းအဝေး တက်ရောက်သူ ကျေးရွာလူထုအား အမျိုးသား တစ်ဖွဲ့၊ အမျိုးသမီး တစ်ဖွဲ့ အဖွဲ့ခွဲ၍ အခက်အခဲ၊ အတားအဆီးများ၊ မျှော်မှန်းချက်များကို ဖော်ထုတ်စေခဲ့ပါသည်။ ၎င်းတို့ကို အခြေခံ၍ ကျေးရွာ၏ အမှန်တကယ် လိုအပ်နေသော လုပ်ငန်းခွဲများကို ဆက်လက် ဖော်ထုတ်ခဲ့ပါသည်။ ထွက်ပေါ်လာသော လုပ်ငန်းခွဲများအား ကျေးရွာလူထုမှ မဲစနစ်ဖြင့် မဲပေး၍ ဦးစားပေးအလိုက် ရွေးချယ်ခဲ့ပါသည်။ ရွေးချယ်သတ်မှတ်ထားသော လုပ်ငန်းများမှာ- ပုံစံ-စ(၃)တွင်ဖော်ပြထားပါသည်။

ဆွေးနွေးချက် (၂)။ ။ ကျေးရွာစီမံခန့်ခွဲမှု ကော်မတီအား ပြန်လည် ရွေးချယ်ရာ အစည်းအဝေး တက်ရောက်သူ ကျေးရွာလူထုမှ ပထမနှစ်တွင် တာဝန်ထမ်းဆောင်ခဲ့သူများ ကို ပြန်လည်တာဝန်ထမ်းဆောင်ရန် သဘောတူ ဆန္ဒပြုကြပါသည်။

ဆွေးနွေးချက်(၂)။ ။ လည်ပတ်ဖြူဖြူစံထိန်းသိမ်းရေး ကော်မတီမှ ဒေါ်သဲစုမေ သည် အိမ်ကိစ္စများ အခြေအနေအရ ဆက်လက်၍ တာဝန်မယူနိုင်သဖြင့် အဆိုပြုသူ ၁ ဦး အား မဲပေးရွေးချယ်ရာ မဲအများဆုံး ရရှိသူ ဒေါ်ရွှေစင် မှ ရွေးချယ်ခံရပါသည်။ ဝေဖန်အကြံပြုတိုင်ကြား ချက်ဖြေရှင်းရေးမှ ဦးသိန်းမြင့် နှင့် ဒေါ်ဆင့် တို့ သည်လည်း ၎င်းတို့၏ စိတ်ဆန္ဒ အရ တာဝန်ထမ်း ဆောင်ရန် မရှိတော့သဖြင့် အဆိုပြုသူ ကျား (၃)ဦး၊ မ (၃) ဦး မဲပေးရွေးချယ်ရာ အမျိုးသား ဘက်မှ မဲအများဆုံး ရရှိသူ ဦးခင်ထွန်း နှင့် အမျိုးသမီး ဘက်မှ မဲအများဆုံး ရရှိသူ ဒေါ်အေးခိုင် တို့မှ ရွေးချယ်ခံရပါသည်။ ကျေးရွာစာရင်းကိုင် ဒေါ်နှင်းယုမေသည် အလုပ်ကိစ္စများနှင့် မအား သဖြင့် ၎င်း၏ဆန္ဒအရ ဆက်လက် မလုပ်ကိုင်နိုင် တော့သဖြင့် အဆိုပြုသူ (၃) ဦးအား မဲပေးရွေး ချယ်ခဲ့ရာ မဲအများဆုံး ရရှိသူ ဦးအောင်ကိုမင်း မှ အရွေးချယ်ခံရပါသည်။ စောင့်ကြည့်ကြီးကြပ် ရေးဆပ် ကော်မတီမှ ဦးအောင်သန်း နှင့် ဒေါ်သန်းရီ တို့သည် ၎င်းတို့၏ ကျန်းမာရေးအရ ဆက်၍ မလုပ်ကိုင်နိုင်တော့သဖြင့် အဆိုပြုသူ (၃) ဦးစီ မဲပေးရွေးချယ်ခဲ့ရာ မဲအများဆုံးရရှိသူ ဦးကျော်ခင် နှင့် ဒေါ်ငွေမြေ တို့ မှ ရွေးချယ် ခြင်း ခံရပါသည်။

ဆွေးနွေးချက်(၂)။ ။ ဘဏ္ဍာရေးဆပ်ကော်မတီမှ အဖွဲ့ဝင်

ဒေါ်အေးအေးသင်းသည် ၎င်း၏ အလုပ်ကိစ္စ များကြောင့် တာဝန်မယူနိုင်တော့သဖြင့် အဆိုပြုသူ (၃) ဦး အား မဲပေးရွေးချယ်ခဲ့ရာ မဲအများဆုံးရရှိသူ ဒေါ်သန္တာဝင်း မှ ရွေးချယ်ခံခဲ့ရပါသည်။

အခြားကော်မတီအဖွဲ့ဝင်များမှာ ဒုတိယနှစ် သက်တမ်းတွင် ပြန်လည်တာဝန်ထမ်းဆောင်ရန် သဘောတူဆန္ဒပြုကြပါသည်။ ကော်မတီအဖွဲ့ဝင်တစ်ဦးချင်းကလည်း တာဝန်ထမ်းဆောင်ရန် သဘောတူညီကြပါသည်။

ဆုံးဖြတ်ချက်(၁)။ ။ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များကို မဲရလဒ် များအရ ဦးစားပေးအစဉ်အတိုင်း ပြုလုပ်သွားမည်ဖြစ်သည်။

ဆုံးဖြတ်ချက်(၂)။ ။ ကျေးရွာစီမံခန့်ခွဲမှု ကော်မတီဝင်များမှ ကျေးရွာအုပ်စုစီ/ထောက်ကော်မတီဝင်များ အလုပ်ကိစ္စ၊ ကျန်းမာရေး အခြေအနေအရ မလုပ်နိုင်တော့သူများအစား အစားထိုး ရွေးချယ်ခဲ့ပြီး အခြားကော်မတီဝင်များမှာ ပထမနှစ်တွင် တာဝန်ယူသူများအား ပြန်လည်တာဝန် ပေးအပ်မည်ဟု သဘောတူ ဆုံးဖြတ်ခဲ့ပါသည်။

ဆုံးဖြတ်ချက်များကို အများသဘောတူ ဆုံးဖြတ်ခဲ့ကြပြီး အားလုံးမှ သဘောတူ သဖြင့် အစည်းအဝေး ကို ညနေ ၄း၃၀ တွင် ရုပ်သိမ်းခဲ့ပါသည်။

နှယ်

မှတ်တမ်းတင်သူ

ဒေါ်နွယ်နွယ်လွင်

စေတနာ့ဝန်ထမ်း

## ၁၂။ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP)

| | | | |
|---|---|---|---|
| ထိန်းချုပ်သူ- | ရက်စွဲ- | ရွာ- | VDP ရက်စွဲ- |
| | | မြို့နယ်- | ကျေးရွာအုပ်စု- |

(၁) VDP စာရွက်စာတမ်းပြီးဆုံးမှုကို စစ်ဆေးပါ။ (OM အရ)

- မျက်နှာဖုံး (အဖုံး)
- မာတိကာ
- ကျေးရွာအခြေခံ Data
- PSA အကျဉ်းချုပ်နှင့် PRA လုပ်ငန်းစဉ်
- အမျိုးသား/အမျိုးသမီးအဖွဲ့များ၏ အခက်အခဲများ
- ကျေးရွာမျှော်မှန်းချက် (ဆွေးနွေးချက်ရလဒ်)
- အမျိုးသား/အမျိုးသမီးအဖွဲ့များသဘောတူထားသည့် နောင်လေးနှစ်အတွက် ဦးစားပေးလုပ်ငန်းများစာရင်း (အခြေခံအဆောက်အဦး၊အသက်မွေးမှု၊ ပညာရေး၊ လူမှုရေးထိန်းသိမ်းမှု....)

နောက်ဆက်တွဲများ-

- လူမှုရေးအကဲဖြတ်မှု စာရွက်စာတမ်းဓါတ်ပုံနှင့် PRA လုပ်ငန်းစဉ် (ဖြစ်နိုင်လျှင်)၊ မြေပုံများ ပါရမည်၊ စည်းစိမ်ပိုင်ဆိုင်မှုအဆင့်၊ venn ပုံ...
- ကျေးရွာစီမံကိန်းရေးဆွဲရေးအစည်းအဝေးမိတ္တူ
- ကျေးရွာ၏အချက်အလက် (PC 1 ပုံစံ)
- ကျေးရွာမျှော်မှန်းချက်

(၂) လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP စစ်ဆေးပါ။

- VDP တွင်ပါဝင်သောဦးရေ (အမျိုးသား/အမျိုးသမီး)- ၊
- လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP အတွက် ရက်ပေါင်း-
- PRA ပစ္စည်းများ အသုံးပြုသည့် အရေအတွက်-
- ပါဝင်သောဦးရေနှင့် လုပ်ငန်းများ မှတ်တမ်းတင်ခြင်း (အစည်းအဝေးမှတ်တမ်း၊ အဖွဲ့ဓါတ်ပုံ၊ တိုင်းရင်းသားအနည်းစုနှင့် ထိခိုက်လွယ်သော အဖွဲ့များ)
    - အလွန်ကောင်း
    - ကောင်း
    - ညံ့
- လုပ်ငန်းများ မှတ်တမ်းတင်ခြင်းနှင့် အမျိုးသမီးအဖွဲ့အစည်းအဝေး၏ရလဒ် အားခွဲခြားပေးထားသလား။
    - ရှိ
    - မရှိ
- စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ၊
- PRAနှင့်သက်ဆိုင်သောအခြား စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ၊